# ကျွန်ုပ်တို့၏မျှော်မှန်းချက်

စုံလင်ပြည့်ဝဘဝများ၊ ကလေးငယ်တိုင်း ရစေသား
နှလုံးသားတိုင်းခံယူရန်၊ တို့များအမြဲ တောင်းဆုပန်









## ချမှတ်ထားသာ လုပ်ငန်းပန်းတိုင်များ

- ကလေးငယ်များတွင် တောက်ပသော အနာဂတ်ရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။
- ဝင်ငွေနှင့် အလုပ်အကိုင် ဖန်တီးပေးရန်အတွက် မိသားစုဝင်များကို စွမ်းအားမြှင့်တင်ပေးရန်။
- ရပ်ရွာလူထုများ တိုးတက်အောင်မြင်လာစေရန် အတွက် အလားအလာရှိသော စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးရန်။


ဗွီးရှင်းဖန်း(ဒ်)မြန်မာရုံးချုပ်
အမှတ်(၁၉)၊ မြေညီထပ်၊ ဝင်ဆာအက်စတေကွန်ဒို၊
ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၆၁၇၇၃၄၂၂



VisionFund Myanmar Co.,Ltd
ဗွီးရှင်းဖန်း(ဒ်)မြန်မာ ကုမ္ပဏီလီမိတက်
လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ်
(၀၂၁၇/၂၀၁၆) (အမြဲတမ်း)

## ရရှိနိုင်သော ချေးငွေအမျိုးအစားများ

- အရောင်းအဝယ်နှင့် စီးပွားရေးချေးငွေ
- စိုက်ပျိုးရေးလုပ်ငန်းချေးငွေ
- လူမှုရေးချေးငွေ

| | |
|---|---|
| အတိုးနှုန်း | ၂.၅% (အရင်းလျော့အတိုးလျော့စနစ်) |
| ချေးငွေကာလ | ၆ - ၁၂ လ |
| ပြန်လည်ပေးသွင်းမှုပုံစံ | ၁လ တစ်ကြိမ်/နှစ်ကြိမ် |

တစ်ဦးချင်း

အဖွဲ့လိုက်

**ACTIVE BORROWERS**

**122,847**

**BRANCHES 40**

**CHILDREN IMPACTED**

**300,173**

**JOBS IMPACTED**


**189,292**

**OUTSTANDING PORTFOLIO**

**$19,006,075**

## ကမ္ဘာလုံးဆိုင်ရာ ကွန်ယက်

**GLOBAL NETWORK**




**35**

ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၃၀ ကျော်တွင် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

**we are operating in over 30 countries globally**

## Livelihoods and Food Security Trust Fund

www.lift-fund.org

- အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) သည် အလှူရှင်များ စုပေါင်းထည့်ဝင်ထားသည့် ရန်ပုံငွေဖြစ်ပြီး မြန်မာ့ကျေးလက်ဒေသရှိ လုပ်ကွက်ငယ်တောင်သူများနှင့်မြေယာပိုင်ဆိုင်ခြင်းမရှိသောသူတို့၏ လူနေမှုဘဝနှင့် မျှော်လင့်ချက်များ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်အတွက် ၂၀၀၉ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။ LIFT သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသစီးပွားရေးအသွင်ကူးပြောင်းမှုတွင် ဘက်စုံဖြစ်ထွန်းအောင်ဆောင်ရွက်လျက်ရှိသည်။

- LIFT သည် ပြည်သူတို့အား အခက်အခဲများ၊ လိုအပ်ချက်များကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ကူညီပေးပြီး စားနပ်ရိက္ခာဖူလုံစေရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ စီးပွားဖြစ် စိုက်ပျိုးရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှု ရှိသည့် စိုက်ပျိုးရေး၊ အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေးဝန်ဆောင်မှု၊ စီးပွားရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိခင်နှင့်ကလေးများအတွက် ဦးတည်ပံ့ပိုးပေးသည့် အာဟာရ ဖွံ့ဖြိုးရေး စသည့် ကဏ္ဍတို့ကို မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် လုပ်သားများ ရွှေ့ပြောင်းသွားလာရာတွင် ပိုမိုအန္တရာယ်ကင်းစေရန်နှင့် ၎င်းတို့အတွက် အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းသစ်များ ရရှိစေရန်အတွက်လည်း ရန်ပုံငွေပံ့ပိုးပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူတို့၏ လူမှုဘဝများ မြင့်မားလာရေးကို ဖော်ဆောင်ပေးမည့် ကျေးလက်ဒေသဆိုင်ရာမူဝါဒများရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်နှင့် အစိုးရနှင့်ပုဂ္ဂလိက ရန်ပုံငွေချထားမှုများ ပိုမိုများပြားလာစေရန်အတွက်လည်း အထောက်အထား ခိုင်ခိုင်မာမာအသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည်။

- ကျွန်ုပ်တို့ LIFT ၏ အလှူရှင်များမှာ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ပြီး ပုဂ္ဂလိကမှ မစ်ဆူဘီရှီကော်ပိုရေးရှင်းကလည်း အလှူငွေထည့်ဝင်ထားသည်။

- လက်ရှိအချိန်ထိ LIFT သည် မြန်မာ့ကျေးလက်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသော လူပေါင်း ၇.၂သန်းကျော်ကို ပံ့ပိုးပေးနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြို့နယ်အားလုံး၏ ထက်ဝက်ကျော်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

# VisionFund MYANMAR

## Livelihoods and Food Security Trust Fund

### LIFT မှ ရန်ပုံငွေပံ့ပိုးပေးထားသော ရုံးခွဲများ

- တာလေ
- မြစ်ကြီးနား
- လွိုင်ကော်
- ဝိုင်းမော်
- ဒီမောဆို
- ကျိုင်းတုံ
- လားရှိုး
- ဘားအံ
- သီပေါ

### LIFT ၏ပံ့ပိုးပေးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငွေကြေးဝန်ဆောင်မှုများ

- အသေးစားတနိုင်တပိုင် စိုက်ပျိုးရေးအထောက်အကူပြုချေးငွေ
  Small Scale Agriculture Technologies (SSAT)
- ကြွေးသစ်လဲခြင်းချေးငွေ
  Debt Refinancing Loan
- အဆင့်လိုက်သတ်မှတ်ချေးငွေ
  Credit Line
- တစ်ဦးချင်းဖွံ့ဖြိုးမှုအတွက် စုဆောင်းငွေ
  Individual Development Account (IDA)

